# ခဲသတ္တု အားသတိပြုပါ!

*ခဲသတ္တု မည်သည့်နေရာတွင် ပုန်းကွယ်နေတတ်သည်ကို သင်သိပါသလား။*





**ခဲသတ္တု သည်** ကလေးများနှင့် အရွယ်ရောက်သူများအား ထိခိုက်နစ်နာမှုဖြစ်စေနိုင်သည် **ဓါတ်သတ္တု** တစ်ခုဖြစ်သည်။ ကလေးများ ဖျားနာသည့်ပုံပန်း သို့မဟုတ် ဖျားနာသကဲ့သို့ ပြုမူခြင်း မရှိသော်လည်း သွေးစစ်ခြင်းအားဖြင့် ခဲအဆိပ်သင့်ခြင်းကို ပြသနိုင်သည်။ ဤတွင် မိမိတို့၏ကြီးပြင်းလာမှု၊ အမူအကျင့်၊ နှင့် လေ့လာသင်ယူမှုစွမ်းရည်တို့အား ထိခိုက်နစ်နာစေနိုင်ပါသည်။ ခဲသတ္တုသည် အရွယ်ရောက်သူများ၊ အထူးသဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် မိမိတို့၏ကလေးငယ်များအတွက်လည်း ပြဿနာတစ်ခုဖြစ်ပါသည်။



**သင့်အိမ်တွင် ခဲပါသောဆေးများဖြင့် သုတ်ထားသည့်** အက်ကွဲသည့် နေရာများ သို့မဟုတ် အလွှာကွာသည့် နေရာများတွင် ခဲသတ္တုအစအနများ သို့မဟုတ် သတ္တုဖုန်အမှုန့်များ ကျကျန် နေတတ်သည်။ ကလေးများ ကြမ်းပြင်ပေါ် တွားသွားသည့်အခါ သို့မဟုတ် မိမိပါးစပ်ထဲသို့ မိမိတို့လက်များနှင့် ကစားစရာအရုပ်များ ထည့်သည့်အခါ ၎င်းအစအနများနှင့် ဖုန်မှုန့်များကို ရရှိသွားသည်။ ကလေးများ ဤနည်းလမ်းတို့အားဖြင့် ခဲသတ္တုအဆိပ်သင့်ခြင်းကို ရရှိ ဖြစ်ပေါ် စေပါသည်။

**အခြားတိုင်းတစ်ပါးနိုင်ငံများမှ အချို့သော ဆေးဝါးများ၊ ဟင်းခတ် အမွှေးအကြိုင်များ၊ အလှပြင်ပစ္စည်းများ၊ နှင့် အစားအစာများတွင် ခဲသတ္တုများ ပါဝင်တတ်ကြောင်းကို** သင်သိပါသလား။ ဤကုန်ပစ္စည်းများအထဲရှိခဲသတ္တုများသည် ကလေးများ နာမကျန်းမှုအား ဖြစ်ပေါ် စေပါသည်။ ကျွန်ုပ်တို့ မသိရသေးသည့် အခြားကုန်ပစ္စည်းများတွင်လည်း ရှိနေတတ်ပါသည်။ ၎င်းတို့သည် သင်၏ အိမ်ပတ်ဝန်းကျင်အနီးအနားထဲရှိ စတိုးဆိုင်တွင် ရောင်းချတတ်သည်၊ သို့မဟုတ် သူငယ်ချင်း မိတ်ဆွေများ သို့မဟုတ် မိသားစုဝင်များ ခရီးသွားရာမှ သယ်ဆောင်လာတတ်သည်။

## ခဲသတ္တု ပါဝင်နိုင်သည့် ဆေးဝါးများနှင့် အခြားကုန်ပစ္စည်းများ





အရှေ့အလယ်ပိုင်း၊ လက်တင်အမေရိကန်၊ အိန္ဒိယ၊ နှင့် တရုတ် နိုင်ငံများမှ တင်ပို့သော **ဟင်းခတ်အမွှေးအကြိုင်များ** တွင် ခဲသတ္တု ပါဝင်နိုင်သည်။



**အလှပြင်ပစ္စည်းများ** တွင်လည်း ခဲသတ္တု ပါဝင်နိုင်သည်။ Kohl (surma သို့မဟုတ် kajal ဟုခေါ်သောအရာ) သည် ဥပမာတစ်ခုပင်ဖြစ်ပါသည်။ ၎င်းသည် မျက်စိများအတွက် အသုံးပြုရန် ထုတ်လုပ်လေ့ရှိသည်။




ကမ္ဘာတစ်ပှမ်းလုံးရှိ **ချိုချဉ်သကြားလုံး** အမျိုးအစား များစွာ အထဲတွင် ခဲသတ္တု ပါဝင်နိုင်သည်။




**အရှေ့အလယ်ပိုင်း၊** လက်တင်အမေရိကန်၊ အိန္ဒိယ၊ နှင့် တရုတ် နိုင်ငံများမှ လာသော ဆေးဘက်ဝင်ပရဆေးများနှင့် ရိုးရာဗိန္ဒောဆေး (Aryuvedic) ဆေးဝါးများတွင် ခဲသတ္တု ပါဝင်နိုင်သည်။

ဓါတ်ပုံ- နယူးယောက်မြို့ ကျန်းမာရေးဌာန (New York City Department of Health)

ရှိသေလေးစားဖွယ်အမြင်များရှိသည့် နယူးယောက်မြို့ ကျန်းမာရေးဌာန ဆိုင်ရာ အမေရိကန်ပြည်ထောင်စုနိုင်ငံ အပြင်ပိုင်းမှ လာသော ခဲသတ္တု ပါဝင်သည့် **လိမ်းဆေးများနှင့် ဆေးရည်ပျစ်များ** -




***Yisaoguang Yaogua*** သည် အင်ပြင်အဖုအသားအရေ ကုသမှုအတွက် တရုတ်နိုင်ငံမှလာသည့် လိမ်းဆေးတစ်ခုဖြစ်သည်။





***Hondan*** သည် ဖင်ပတ်ပိတ်စမှုဖြစ်သော အင်ပြင်အဖု နှင့် အသားအရေ ခြောက်သွေ့မှုအတွက် အသုံးပြုလေ့ရှိသော ပေါင်ဒါမှုန့် တစ်ခုဖြစ်သည်။



***Thanaka*** *(သနပ်ခါး)* သည် နေရောင်ခြည်အပူကာရန် နှင့် အသားအရေအား ကာကွယ်ရန် အပင်များမှ ထုတ်လုပ်သည့် မြန်မာလိမ်းဆီ သို့မဟုတ် အရည်ပျစ် တစ်ခုဖြစ်သည်။

**စဉ့်သုတ်ထားသည့် မြေအိုးမြေခွက်တွင်** ခဲပါဝင်နိုင်သည့်အတွက် အစားအစာ ထည့်သွင်း ပြင်ဆင်ရာတွင် သို့မဟုတ် တည်ခင်းဧည့်ခံရာတွင် ၎င်းကို အသုံးမပြုသင့်ပါ။







**ပန်းပေါင်းနံ့သာနှင့် အချို့သော ဖယောင်းတိုင်စိုက်သည့် တိုင်များ** တွင် ခဲသတ္တုများ ပါဝင်နိုင်သည်။ ခဲသတ္တုသည် မီးသွေး၊ “unsi” နှင့် သင့် အိမ်တွင် အသုံးပြုသည့် အခြားသော ပန်းပေါင်းနံ့သာနှင့် အချို့သော ဖယောင်းတိုင်မီးစာများအထဲတွင် ပါဝင်နိုင်သည်။





ရွှေ သို့မဟုတ် ငွေချပ် တို့အပါအဝင်၊ **လက်ဖွဲ့ရတနာဓါတ်သတ္တု** များတွင် ခဲသတ္တုပါဝင်နိုင်သည်။ ကလေးများ လက်ဖွဲ့ရတနာသတ္တု အား မိမိတို့ပါးစပ်အထဲသို့ ဘယ်သောအခါမျှ မထည့်သင့်ပါ။

ဓါတ်ပုံ- နယူးယောက်မြို့ ကျန်းမာရေးဌာန (New York City Department of Health)

အောက်ပါတို့ဖြစ်ပေါ်ခဲ့ပါက သင့် ဆရာဝန်၊ သင့် ဒေသဆိုင်ရာ ကျန်းမာရေးဌာန၊ သို့မဟုတ် ဒုက္ခသည်ပြန်လည်နေရာချထားရေး ဖြစ်ရပ်စီမံခန့်ခွဲသူထံသို့ **ဆက်သွယ်** ပါ -



- သင့် မိသားစုမှ ဤကုန်ပစ္စည်းများ သို့မဟုတ် ၎င်းတို့နှင့်ဆင်တူသည့် ကုန်ပစ္စည်းများအား အသုံးပြုခဲ့လျှင်။
- ဤရုပ်ပုံများအထဲတွင် သင် မြင်တွေ့ရသည်နှင့်ပတ်သက်ပြီး မည်သည့်မေးခွန်းကိုမဆို သင် မေးမြန်းလိုခဲ့လျှင်။
- တစ်စုံတစ်ဦးမှ သင့်အား ဆေးဝါး အသစ်တစ်ခုပေးသည့်အခါ သို့မဟုတ် အခြားမေးခွန်းများဖြစ်သည့် ဆေးဝါး သို့မဟုတ် ကုန်ပစ္စည်းတစ်ခုသည် သင့် ကလေး သို့မဟုတ် ကလေးသူငယ်အတွက် အသုံးပြုရန် လုံခြုံစိတ်ချမှု ရှိမရှိ နှင့်ပတ်သက်ပြီး မေးခွန်းများရှိခဲ့လျှင်။
- သင့်အိမ် အက်ကွဲခြင်း၊ အစအနကျခြင်း၊ သို့မဟုတ် ဆေးရည်ကွာကျခြင်းတို့ ရှိခဲ့လျှင်။
- သင့်ကလေးတွင် ခဲသတ္တုအဆိပ်သင့်သည်ဟု သင် စိုးရိမ်မှုဖြစ်သည့်အခါ သို့မဟုတ် ခဲသတ္တု ပါဝင်သည့် ကုန်ပစ္စည်းတစ်ခုခုအား အသုံးပြုခဲ့မိသည့်အခါတွင် ဖြစ်သည်။ ကလေး အယောက်စီတိုင်းတို့သည် မိမိတို့ကျန်းမာသည့်ပုံစံ ရှိနေသော်ငြားလည်း သွေးစစ်ခြင်းများ ခံယူသင့်ပါသည်။


LEAD SAFE PHOENIX
(602) 534-4444
www.phoenix.gov/nsd/lead-safe-phoenix

NEW YORK STATE | Department of Health
www.health.ny.gov



6528 (Burmese)
1/19